mgyoe.com

SAMPLE BOOK

# သန့်တော်အောင် မြန်မာစာပျိုးခင်း

အတွဲ (၁)

ဗျည်း၊ သရ၊ စာလုံးပေါင်းနှင့် သတ်ပုံ



ဆရာမ ဝင်းဝင်းမြင့် (နန်းတော်ရှေ့)

mgyoe.com

mgyoe.com SAMPLE BOOK

သတ်ပုံကို လေ့လာတဲ့အခါ အဓိပ္ပာယ်နဲ့တွဲပြီး မှတ်တာဟာ မမေ့နိုင်တဲ့မှတ်နည်းပါ။
ရေးပါများလာတဲ့အခါ ပိုပိုပြီး မှတ်မိလာမှာ ဖြစ်ပါတယ်။
'သတ်ပုံဆိုတာ ဂရုစိုက်စရာ မလိုပါဘူးကွာ' ဆိုတဲ့ အတွေးကို ပျောက်ဖို့နဲ့
ဘယ်လိုရေးရေး တဖြစ်ရင် ပြီးရောဆိုတဲ့ စိတ်ကလေးတွေကိုတော့ ဖယ်ရှားပစ်ဖို့ လိုပါတယ်။
ဒါဟာ ဘာအလုပ်ကိုပဲ လုပ်လုပ် အရေးကြီးတဲ့စိတ်ပါပဲ။

SPLK 2 3500
(မြန်မာစာ)(ဆန်းထော်ဇေအာင်)မြ
န်မာစာပျိုးခင်းအမှတ်(1)
CM.ZLN0003

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com SAMPLE BOOK

# သန့်တော်အောင်

## မြန်မာစာပျိုးခင်း

## အမှတ် (၁)

ဗျည်း၊ သရ၊ စာလုံးပေါင်းနှင့် သတ်ပုံ

ဆရာမ ဝင်းဝင်းမြင့် (နန်းတော်ရှေ့)

mgyoe.com

mgyoe.com SAMPLE BOOK

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ထုတ်ဝေသည့် အကြိမ် | - | ပထမအကြိမ်၊ ၂၀၂၂ ခုနှစ်၊ ဧပြီလ။ |
| ထုတ်ဝေသူ | - | ဦးမင်းထက်ဟန်၊<br>တောင်ဇလပ်နီ စာပေ (၀၂၇၇၄) |
| ပုံနှိပ်သူ | - | ပုံရိပ်ရှင် ပုံနှိပ်တိုက် (၀၀၈၃၆)<br>အမှတ် (၈)၊ အိမ်ကြီးလမ်း၊ ရေကျော်၊<br>ပုဇွန်တောင်မြို့နယ်။ |
| မျက်နှာဖုံးနှင့် အတွင်းအပြင်အဆင် | - | ပုံရိပ်ရှင် |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၃၅၀၀ ကျပ် |

808.84
ဆရာမ ဝင်းဝင်းမြင့် (နန်းတော်ရှေ့)
သန့်တော်အောင်၊ ဆရာမ ဝင်းဝင်းမြင့်(နန်းတော်ရှေ့)၊
- ရန်ကုန်၊
ဇလပ်နီစာပေတိုက်၊ ၂၀၂၂။
စာ-၄၁၊ ၁၅ × ၂၃ စင်တီ
(၁) သန့်တော်အောင်


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


✎ အခန်း (၁) ၁၁

(၁) ဗျည်း

(၂) သရ

(၃) ဗျည်းတွဲသရ (အသံထွက်ပုံ)

✎ အခန်း (၂) ၁၉

ဗျည်းတွဲ

✎ အခန်း (၃) ၂၃

အသတ်

✎ အခန်း (၄) ၂၅

သတ်ပုံအကြောင်း


mgyoe.com

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

**ချစ်တဲ့ ကလေးလေးတို့ရေ...**

**မင်္ဂလာပါ...**

မင်္ဂလာပါ ဆိုတာကတော့ ကလေးအားလုံး ကျန်းမာပျော်ရွှင်ကြပါစေလို့ ဆုတောင်းလိုက်တာပေါ့နော်။ ကလေးတို့ ကျန်းမာမှာပါ၊ ပျော်ရော ပျော်ရွှင်ကြပါရဲ့လားကွယ်။ တကယ့်ကို ပျော်ပျော်ရွှင်ရွှင် ဖြစ်စေချင်လို့ ဒီစာအုပ်ကလေးကို ရေးဖြစ်တာပါ။ ကလေးလေးတွေဟာ စာတွေ မလိုက်နိုင်ရင်၊ စာကို ကျေညက်နေအောင် နားမလည်ရင် ဘယ်သူမဆို စိတ်ညစ်ရမှာပဲ မဟုတ်လား။ ကလေးကို ပျော်စေချင်ရင် နားမလည်ရ ကောင်းလားလို့ ဆူပူမနေတော့ဘဲ မြန်မာစာနဲ့ ပတ်သက်ရင် ဒါလေးတွေကတော့ဖြင့် သိထိုက်တယ်လို့ ထင်မိတာလေးတွေကို စုစည်းပေးထားတဲ့ စာအုပ်ကလေးပါကွယ်။ ကလေးအတွက် လွယ်လွယ်ကူကူနဲ့ ဖတ်နိုင်အောင် တချို့စာတွေဆိုရင် အစီအစဉ်တွေတောင် ရှေ့နောက်ပြောင်းပြီး အဆင်ပြေအောင် စီစဉ်ပေးထားပါတယ်။

များသောအားဖြင့် ကလေးလေးတွေဟာ မြန်မာစာမှာ အားနည်းလေ့ ရှိကြတယ်။ ဒါလည်း ကလေးကို အဆိုး မဆိုသာပါဘူးလေ။ မြန်မာစာက ခက်တာကိုး။ ကျယ်ပြန့်တာကိုး။ ဒါပေမဲ့လည်း ကိုယ်က မြန်မာလူမျိုး ဆိုတော့ ကိုယ့်စာ ကိုယ်ခက်လို့

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုပြီး ပစ်ထားလို့တော့ မဖြစ်ဘူးလေ။ မြန်မာစာက လွဲပြီး ကျန်တဲ့စာတွေ အကုန်ရ တယ်။ မြန်မာစာပဲ မရတာလို့ မပြောရလေအောင်၊ မြန်မာစာကို ပိုင်ပိုင်နိုင်နိုင် ဖြစ် အောင် ဘယ်လိုလုပ်ရမလဲလို့ ပြောပြမယ်နော်။

စိတ်ချပါကွာ။ မင်းကို စာ လုံးဝ မကျက်ခိုင်းဘူး။ မြန်မာစာ ဆိုတာ အော် ကျက်နေရမယ့် စာလို့ သိထားရင် မေ့ပစ်လိုက်တော့။

ကျေနပ်တယ်နော် ကလေး။ ဒါဆိုရင် မှတ်မိအောင် ဘယ်လိုလုပ်ရမလဲ။

ပြောမယ်။ စပြီး ဖတ်ပါပြီ ဆိုကတည်းက စိတ်ကို စူးစူးစိုက်စိုက်ကလေး အာရုံ ပြုပြီး ဖြည်းဖြည်းလေး ဖတ်ရမယ်။ နားလည်အောင် ဖတ်ရမယ်။ နားလည်ပြီ ဆိုရင် မှတ်မိအောင်လုပ်ဖို့ အတော်ကြီးကို လွယ်သွားပြီပေါ့။

မြန်မာစာမှာက အရေးကြီးတဲ့ ဗျည်းတွေ၊ သရတွေ၊ အသံထွက်တွေ၊ စာလုံး ပေါင်းတွေကို ဟိုးငယ်ငယ်လေးတုန်းက သင်ခဲ့ကြရတယ်။ ကလေးမှာ အဲဒါလောက် ခက်တာတွေကို နားလည်စိတ်နဲ့ မဟုတ်ဘဲ ကျက်ရင်း ကြီးခဲ့ရတာမို့ တကယ်တမ်း လက်တွေ့ စာလုံးတွေ ပေါင်းရတော့မယ့် အခါမှာ မသိနိုင်တော့ဘူးလို့ ထင်မိတယ်။ ကလေးကို သနားစိတ်နဲ့ ဒီစာအုပ်ကလေးကို ရေးတာမို့ ဒီစာအုပ်ကို ကကြီး ခခွေးနဲ့ စပေးလိုက်တာပါကွာ။ မင်းကို သူငယ်တန်း ပြန်ပို့တာ မဟုတ်ဘူးနော် ယုံလိုက်။

ကဲ... ဒီစာအုပ်ကလေးကို ဘယ်လိုလေ့လာရမလဲ ဆိုတာ ပြောပြတော့မယ်။ ဘယ်စာအုပ်ကိုပဲ ဖတ်ဖတ် အမှာစာတို့၊ မိတ်ဆက်တို့ကို ပစ်မထားရဘူး ကလေးရဲ့။ ခု မင်းဖတ်နေတဲ့ စာကို မိတ်ဆက်လို့ ပြောရင်လည်း ရသလို ဆက်ဖတ်မယ့်သူ အတွက် မှာစရာရှိတာတွေကို ပြောပြနေတဲ့ အမှာစာလို့လည်း ခေါ်တယ်နော်။ ခုပြောပြနေတာ တွေကို နားလည်အောင် အနည်းဆုံး သုံးခါလောက်တော့ ဖတ်နော် ကလေးလေး။

ပြီးရင် မာတိကာကို ဖတ်ရမယ်။ မာတိကာ ဆိုတာက ဒီစာအုပ်ထဲမှာ ဘာတွေ ကို ဘယ်နေရာမှာ ရေးထားတယ် ဆိုတာကို စာရင်းလုပ်ပြထားတာကို ခေါ်တာ။ ကဲ... မာတိကာကို ကြည့်။

'ဗျည်း' လို့ တွေ့လိမ့်မယ်။ တွေ့တဲ့ ဗျည်းကို နားလည်သည်အထိ ဖတ်ပေ တော့။ ပြီးရင် သရ ဆက်ဖတ်၊ နားမလည်ရင် ခဏရပ်ထား။ (တစ်ခါတည်း အများကြီး


mgyoe.com

mgyoe.com SAMPLE BOOK

မဖတ်ဖို့ သတိပေးမယ်နော်) စာ ဆိုတာကလည်း လောဘကြီးလို့ မကောင်းဘူးရယ်။ သေသေချာချာ နားမလည်ဘဲ ရှေ့ဆက်တက်ရင် ကိုယ်ပဲ စိတ်ညစ်ရမှာလေ။ အချိန် ရတုန်းလေး ဖြည်းဖြည်းနဲ့ မှန်မှန် လေ့လာသွားရင် လူလည်း မပင်ပန်းဘူး။ စာလုပ် ရတာလည်း ပျော်စရာ ကောင်းတယ်။ ပိုပြီး နားလည်တဲ့အပြင် အခြေခံ ပိုင်နိုင်ပြီ ဆိုတော့ ဘယ်လောက်ခက်တာပဲ လာလာ၊ ကိုယ့်အတွက်ကတော့ လွယ်သွားတာ ကလေးရဲ့။

အချိန်ဆိုတာ ငွေနဲ့ ပေးမဝယ်ရပေမယ့်လည်း မသုံးတတ်လို့ ကုန်သွားရင် အစားပြန်မရဘူး မဟုတ်လား။ ဒီတော့ ကိုယ့်မှာ အချိန်အားလေး ရှိနေပြီ ဆိုရင် လိုအပ်တာလေးတွေ ဖြည့်ရတယ်နော်။ ကိုယ် ကြိုးစားသမျှက ကိုယ့်အတွက်ရော အများအတွက်ပါ တန်ဖိုးရှိတာမို့ ကြိုးစားလိုက်ကြရအောင် ကလေးတို့ရေ.....။

ချစ်တဲ့ ဆရာမ

ဝင်းဝင်းမြင့် (နန်းတော်ရှေ့)



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၁)

ချစ်တဲ့ကလေးတို့ရေ...။

ကဲ... စလိုက်ကြစို့။ ဘာနဲ့ စမှာလဲ ဆိုတော့ စစဦးဆုံး သင်ခဲ့ကြရတဲ့ ဗျည်းနဲ့ စမှာနော်။ ကလေးတိုင်း သိပြီးသားနေမှာ။ ဒါပေမဲ့ အစက စတာ ကောင်းလို့။ ကဲ... ဗျည်း (၃၃) လုံး ရှိတယ် မဟုတ်လား။ ကြည့်ရအောင်။

က ခ ဂ ဃ င

စ ဆ ဇ ဈ ည

ဋ ဌ ဍ ဎ ဏ

တ ထ ဒ ဓ န

ပ ဖ ဗ ဘ မ

ယ ရ လ ဝ သ

ဟ ဠ အ

ဆလပ်နီစာပေ

mgyoe.com

mgyoe.com SAMPLE BOOK

ဗျည်း ဆိုတာ ဘာလဲလို့ သိချင်မှာပေါ့နော်။ 'ဗျည်း' ဆိုတာ ပါဠိစကားကွဲ့။ အနက်ကို ပြသော စကားလုံးလို့လည်း အဓိပ္ပာယ်ရသလို အက္ခရာလို့လည်း အဓိပ္ပာယ်ရတယ်။ ပုဂံခေတ် အနော်ရထာမင်းကြီးကိုတော့ ကလေးတိုင်း သိပါတယ်နော်။ အေး...၊ ရာစုနှစ်အရ ပြောမယ် ဆိုရင်တော့ (၁၁) ရာစုလောက်ပေါ့။ ပုဂံနိုင်ငံတော်ကြီးဆီကို ပိဋကတ်တော်တွေ ရောက်လာတဲ့ အချိန်မှာပေါ့။ မြန်မာတွေ ပိဋကတ်တော်တွေကို လေ့လာသင်ယူကြရင်း မွန်လူမျိုးတွေ သုံးတဲ့ အက္ခရာတွေကို အခြေခံပြီး မြန်မာစာ အရေးအသား ဆိုတာ စတင် ပေါ်ပေါက်လာတာပါပဲကွယ်။

ဗျည်းလေးတွေကို သိထားရုံနဲ့ လိုချင်တဲ့ အသံထွက်ဖို့ မပြည့်စုံဘူး ကလေးတို့ရဲ့။ ဗျည်းမှာ အသံအပြည့် မရှိဘူးလို့ ပညာရှိများက ပြောခဲ့ကြတယ်။ ဒါဆိုရင် အသံလေးတွေ ထွက်လို့ရအောင် လုပ်ရလိမ့်မယ်လေ။

လွယ်လွယ်လေးရယ်။ အသံရှိတဲ့ သရနဲ့ ပေါင်းပေးတာပေါ့။ အဲဒီတော့ သရ ဘာလုပ်သလဲ ဆိုတာလည်း သိဖို့ လိုပြန်ရော။

မြန်မာစာမှာ အခြေခံသရ (၁၂) လုံး ရှိတယ်။ ဒါလည်း ဘယ်အတန်းရောက်ရောက် သိကို သိထားရမှာလေ နော်။ အဲဒီ (၁၂) လုံးကို ပြောပြမယ်။

**အ၊ အာ၊ အိ၊ အီ၊ အု၊ အူ၊ အေ၊ အဲ၊ အော၊ အော်၊ အံ၊ အား/အို**

ပေါ့ကွယ်။

ဆိုကြည့်ပါနော်။ သုံးခါလောက်တော့ ဆိုကြည့်ပါ။ ပီပီသသလေး ဆိုနော်။ ပြီးရင် စာအုပ်ထဲမှာ ချရေး။ ငါးကြောင်း ရေး။

ရေးပြီးရင် သေချာလေး ဂရုစိုက်တော့။ ဥပမာ ပြောတော့မှာ။ ဘယ်လို အသံထွက်သလဲ ဆိုတာ ကြည့်ရအောင်။

မင်းတို့ သိပြီးသား ဗျည်း 'က' ဆိုပါတော့။

က + အ = က

လို့ပဲ အသံ တိတိကျကျ ထွက်တာပေါ့။


mgyoe.com

mgyoe.com

အဲ...

က + အာ

ဆိုရင်တော့-

'ကာ' လို့ အသံထွက်သွားပြီနော်။

က + အိ ဆိုရင် ကိ။

က + အီ ဆိုရင် ကီ။

က + အု ဆိုရင် ကု။

က + အူ ဆိုရင် ကူ။

ကဲ... ဟုတ်ပြီလား။ ကျန်တာလေးတွေ ဗျည်းနဲ့ သရ ပေါင်းကြည့်၊ အသံတွေ ရလာပြီ။ ဟုတ်ပြီလား။

ရေးရင်းနဲ့ ကြုံလို့ ဒါလေးတွေလည်း မှတ်ကြဦးစို့။ ဘာလေးတွေလဲ ဆိုတော့ အသံထွက် တူတဲ့ သရ အရေးအသားလေးတွေပေါ့။

'အိ' ကို 'ဣ' လို့လည်း ရေးတာ ရှိတယ်။ (ပါဠိအရေးအသားတွေမှာ သုံးတယ်)

ပျော့ပျော့အိအိ...။ ဣတိပိသော ဘဂဝါ...။

'အီ' ကို 'ဤ' လို့ ရေးတယ်။ (အက္ခရာ အီ လို့ ဖတ်တယ်)

ချို့အီ...။ ဤနေရာ...။

'အု' ကို 'ဥ' လို့ ရေးတယ်။ (အက္ခရာ အု လို့ ဖတ်တယ်) အု ကတော့ အသုံးနည်းတယ်။

ကြက်ဥ၊ ဘဲဥ... လို့ သုံးတယ်။

'အူ' ကို 'ဦ' လို့လည်း ရေးကြတယ်။

အူသိမ်အူမ...။ အဆောက်အဦ...။ ဒီလို သုံးတာ...။

'အေ' ကိုတော့ 'ဧ' လို့ ရေးတယ်။

ဧရာဝတီ တို့၊ ဘာတို့ ရေးရင် သုံးတယ်။

'အော' ကို 'ဩ' လို့ ရေးတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

'ဉ' ညြှင့်ကြက်' ပေါ့နော်...။

'အော်' ကို 'ဩော်' လို့ ရေးတယ်။

အော်သံ၊ ဩော်... ဟုတ်လား...။ ဒီလိုတွေ သုံးတာပေါ့ကွယ်။

ဒါလေးတွေလည်း သိထားဖို့ လိုမယ်။ ဗျည်းလေးတွေ၊ သရလေးတွေ သိပြီဆိုရင် အသံထွက်လို့ ရပြီ။ ပိုပြီး သေချာသိသွားအောင် သရ သင်္ကေတ (၁၁) မျိုးကိုလည်း မှတ်ထားကြဦးစို့...။

(၁) ရေးချ 'ာ' တော့ သိတယ်ဟုတ်။ 'ါ' ဒါကိုတော့ မောက်ချ လို့ ခေါ်တယ်။

'ာ'၊ 'ါ' က (အာသရရဲ့ သင်္ကေတ)

ဥပမာ-

မာမာ၊ ဝါဝါ၊ ဂါဂါ၊ ရာရာ ပေါ့ကွယ်နော်။

(၂) ရေးချ ဝစ္စနှစ်လုံးပေါက် ကိုလည်း တစ်ခါတည်း မှတ်။ သူ့သင်္ကေတက-

'ား' 'ါး' ကို မားမား၊ ဝါးဟားဟား

(၃) လုံးကြီးတင် 'ိ' က (အိသရရဲ့ သင်္ကေတ)

ဥပမာ-

ထိထိမိမိ၊ ပိစိ၊ သိ ဆိုပါတော့။

(၄) လုံးကြီးတင်ဆံခတ် 'ီ' က (အီသရရဲ့ သင်္ကေတ)

ဥပမာ-

မီမီ၊ စီစီ၊ ညီညီ လွယ်တယ်နော်။

(၅) တစ်ချောင်းငင် 'ု' က (အုသရရဲ့ သင်္ကေတ)

အသံထွက်တတ်တယ် ဟုတ်လား။

ပုပု၊ နုနု၊ သုသု ပေါ့။

(၆) နှစ်ချောင်းငင် 'ူ' က (အူသရရဲ့ သင်္ကေတ)

ဥပမာလေးတွေ ပြောကြည့် -


mgyoe.com

mgyoe.com SAMPLE BOOK

မူမူ၊ သူသူ၊ လူလူ စသဖြင့်ပေါ့နော်။

(၇) သဝေထိုး 'ေ' က (အေသရရဲ့ သင်္ကေတ)

မေမေ၊ ဖေဖေ၊ ဝေလေလေ...။

(၈) နောက်ထိုးပစ် 'ဲ' က (အဲသရရဲ့ သင်္ကေတ)

ကဲကဲ၊ သဲသဲ၊ ပဲပဲ...။

အကုန်ပြောလို့ ရတယ်နော်။

(၉) သဝေထိုးရေးချ 'ော' 'ေါ' (ရေးချမှာက ဝိုက်ချနဲ့ မောက်ချ ရှိနေတာမို့လေ) သူကတော့ (အောသရရဲ့ သင်္ကေတ)

တော...။ မော...။ ပေါ...။ စောစော...။

(၁၀) သဝေထိုးရေးချရှေ့ထိုး 'ော်' 'ေါ်' သူကတော့ (အော်သရရဲ့ သင်္ကေတ)

ပေါ်ပေါ်၊ မော်မော်၊ တော်တော်။

(၁၁) သေးသေးတင် 'ံ' က (အံသရရဲ့ သင်္ကေတ)

ကံ၊ စံ၊ မံမံ။

(၁၂) လုံးကြီးတင် တစ်ချောင်းငင် 'ို' က (အိုသရရဲ့ သင်္ကေတ)

မိုမို၊ လိုလို၊ ကိုကို၊ နိုနို ပေါ့ကွယ်။

ကဲ... ဒါဆိုရင် ကလေးလေးတွေ ဗျည်းနဲ့ သရ တွဲပြီး ဘယ်လို အသံတွေ ဖြစ်လာတယ် ဆိုတာ သိကြပြီပေါ့ကွယ်။

ခု သိပြီးတာလေးတွေကို နောက်တစ်ခေါက်လောက် ပြန်ဖတ်၊ ပြန်စဉ်းစား။ သေသေချာချာ နားလည်ပြီဆိုမှ နောက်ပြောမှာတွေကို ဆက်လို့ရမယ်။ မလောနဲ့ ကလေး။ အခြေခံဆိုတာ ပိုင်မှဖြစ်မှာ၊ တိုက်တွေ ဘာတွေ ဆောက်သလိုပေါ့ကွာ။ အုတ်မြစ်ခိုင်မှလေ နော်။ ဥပမာလေးတွေကို ကိုယ့်ဟာကိုယ်လည်း တခြားဗျည်းတွေ၊ သရတွေ တွဲကြည့်ကြပေါ့။ ကဲ... သေချာလေး နားလည်ပြီ ဆိုရင် နောက်တစ်ဆင့် သွားမယ်...။

ဒါပြီးရင်တော့ အသံလေးတွေ ပိုပြီးနားလည်အောင် အသံ အတက်အကျ


mgyoe.com

mgyoe.com SAMPLE BOOK

လေးတွေ (၂၂) သံကိုလည်း ကြည့်လိုက်ကြဦးစို့။

သူတို့ကိုတော့ သရတွဲ (၈) မျိုးလို့ ခေါ်တယ်နော်။ သိပြီးသားတွေနော်။ ပိုပြီး မှတ်မိအောင် ပြောတာ။

'အ အာ အား။ အိ အီ အီး။ အု အူ အူး။ အေ အေ့ အေး။ အဲ အဲ့။ အော အော့ အော်။ အံ အံ့။ အို အို့ အိုး'

တို့ ဖြစ်ပါတယ်။ ကဲ နမူနာလေးတွေ ပြောကြည့်...။

ဥပမာ-

ဆရာမ။ မိနီ။ မေ့နေလား။

တစ်ဆက်တည်း ပြောရဦးမှာ ရှိသေးတယ်။ အသံလို့ ပြောလိုက်တာနဲ့ နည်းနည်းလေး ထပ်ပြီး သိစေချင်တာလေး။

အသံလေးတွေ ဆိုကြည့်။ 'က' ... 'ကာ' ... 'ကား' ဆိုတဲ့ အသံတွေမှာ 'က' သံကို 'သံလတ်' လို့ခေါ်တယ်။ 'ကာ' သံကိုတော့ 'သံလွင်' လို့ ခေါ်တယ်။ 'ကား' သံကိုတော့ 'သံလေး' လို့ ခေါ်တယ် (လေးလေးပင်ပင် ဆိုတဲ့ အသံကို ပြောတာ)။ ဒီနေရာမှာ သိထားသင့်တာက-

'အောက်မြစ်သံ' 'ငရေးချ ငါ အောက်ကမြစ် ငါ့'။ အဲဒီအသံကို ပြောတာ။ '့' အဲဒါလေးလေ။ 'င' ဆိုတဲ့ အသံနဲ့ 'ငါ့' ဆိုတဲ့ အသံ တူတူပဲ။ နောက် တစ်ခုက ဝစ္စပေါက်သံ။ 'ငါး' အဲလိုမျိုး။ ဒါကတော့ အသံလေးတွေ ကိုယ်တိုင် ထွက်ကြည့်၊ ရေးကြည့်ရင် ပိုပြီးနားလည်တယ်။

လွယ်အောင် ဒီလိုလေး လုပ်ပေးဦးမယ်နော်။ (-) ဒီနေရာလေးတွေမှာ ဗျည်းလေးတွေ ထည့်ပြီး အသံလေးတွေ ထွက်ကြည့်။

- ။ -ာ ။ -ိ ။ -ီ ။ -ု ။ -ူ ။ ေ- ။ -ဲ ။ ေ-ာ ။ ေ-ာ် ။ -ို ။

က ။ ကာ ။ ကိ ။ ကီ ။ ကု ။ ကူ ။ ကေ ။ ကဲ ။ ကော ။ ကော် ။ ကို ။

အဲလိုမျိုးလေ။ ဗျည်းလေးတွေ ထည့်ဆိုကြည့်။ ပိုပြီး နားလည် သွားလိမ့်မယ်။ ပေးထားတဲ့ ဥပမာ အသံလေးတွေကို မမေ့ခင် ဗျည်းလေးတွေနဲ့ သရလေး


mgyoe.com

mgyoe.com SAMPLE BOOK

တွေနဲ့ တွဲရေးကြည့်နော်။

ပိုပြီး အပျင်းပြေချင်ရင် ဗျည်းနဲ့ သရ တွဲတဲ့ လူနာမည်လှလှလေးတွေ ရေးကြည့်ပါလား၊ ပျော်စရာကြီး။

လေ့ကျင့်ခန်း သေချာလေး လုပ်ဖြစ်သွားအောင် ယောက်ျားလေး (၅) ယောက်။ မိန်းကလေး (၅) ယောက်ရဲ့ နာမည်လှလှလေးတွေကို ဗျည်းသရတွဲထဲကပဲ ရှာပြီး ရေးကြည့်လိုက်ပါ။

ဥပမာ-

**အေးသူဇာမိုး၊ သီဟကိုကို လိုမျိုးပေါ့။ ရေးနော်...။**


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၂)

ကလေးတို့ရေ...။

နာမည်လေးတွေ ရေးကြည့်တဲ့အခါ ကိုယ့်စိတ်ကြိုက်တော့ မရသေးဘူး ဟုတ်လား။ အေး...၊ အဲဒါ စာလုံးပေါင်းဖို့ မပြည့်စုံသေးလို့ပေါ့။ ဆက်ပြီး နည်းနည်း ကြည့်ကြမယ်လေ။ 'ဗျည်းတွဲ' လို့ ခေါ်တာလေးကို ဆက်လေ့လာမယ်နော်။

မြန်မာစာမှာ ဗျည်းတွဲသင်္ကေတ လေးခု ဆိုတာကလည်း အရေးပါတယ်ကွယ်။ သူ့ကို သင်္ကေတလေးတွေနဲ့ ပြောပြမယ်။ လေးမျိုးပဲ ရှိတာပါနော်။

ယပင့် ( ျ )။

ရရစ် ( ြ )။

ဝဆွဲ ( ွ )။

ဟထိုး ( ှ )။

ဒီလေးခုကို ဗျည်းတွဲသင်္ကေတ လေးခုလို့ ခေါ်တယ်။

အသံလေးတွေကတော့ ကလေးသိပြီးသားပါလေ။ ကဲ... ဆိုကြည့်။

ကျ ။ ချ ။ မြ ။ ကြ ။ စွ ။ မွ ။ မှ ။ လှ ။



mgyoe.com